ပျော့ရွာကျေးရွာ

မြင်းမူမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၁၉-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပျော့ရွာကျေးရွာ၊မြင်းမူမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၉ခုနှစ်

မာတိကာ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့်ပထဝီအနေအထား

၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

၅။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

၆။ ပညာရေး

၇။ ကျန်းမာရေး

၈။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

၉။ ကျား-မရေးရာ

၁၀။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာတည်မှုဆိုင်ရာအခြေပြဇယား

၁။ တည်နေရာနှင့်ပထဝီအနေအထား

အိမ်ထောင်စုပေါင်း(၄၅၇)စု နှင့် ကျား(၉၆၀)၊ မ(၁၀၁၆)ဦးဖြင့် လူဦးရေပေါင်း(၁၉၇၆)ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း(၅)ဦး ထက်လျော့နည်းသည်။ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့် အရွယ်သည် ကျေးရွာရှိလူဦးရေအားလုံး၏ (၇၂%)ရှိပါသည်။ပျော့ရွာကျေးရွာသည် မြေပြန့် လွင်ပြင်ဖြစ်ပြီးမြင်းမူမြို့၏ အရှေ့မြောက်ဘက်တွင် တည်ရှိပါသည်။ မြောက်ဘက်တွင် နဘဲကြူးကျေးရွာ၊ အရှေ့မြောက်ဘက်တွင်သပြေသာကျေးရွာများရှိပါသည်။ မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်သည်။

၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပြီး လယ်မြေ၊ယာမြေ၊ဥယျာဉ်ခြံမြေနှင့် ကိုင်းကျွန်း မြေများရှိပြီး၊ မြေဆီလွှာအရည်အသွေး အသင့်အတင့်ကောင်းမွန်ပါသည်။ ကျန်ပ်တို့ကျေးရွ်ာတွင် ပျော့ရွာမြစ်ရေတင်စီမံကိန်းနှင့်အဝီစိတွင်းများမှ စိုက်ပျိုးရေးကိုအလုံအလောက်ရရှိစိုက်ပျိုးနိုင်ပါ သည်။ မြို့နယ်သည် အပူပိုင်း ဒေသတွင်ပါဝင်ပြီး မိုးရေချိန် ၄၀လက်မအောက်သာ ရှိပါသည်။ နွေရာသီအချိန်အခါ၌ အလွန်ပူးပြင်းခြောက်သွေ့သောရာသီဥတုမျိုးဖြစ်ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စိမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင်လူထုအခြေပြုအဖွဲ့အစည်း(၁၃)ဖွဲ့ရှိပါသည်။ ကျေးရွာတွင်တောင်သူလယ်သမားအဖွဲ့၊ ပျော့ရွာမြစ်ရေတင်မှရေပေးရေးအဖွဲ့၊ သာသနာရေးအချက်အပြုတ်အဖွဲ့၊ အမျိုးသားအဖွဲ့၊ အမျိုး သမီးအဖွဲ့၊ ဝေယျာဝစ္စအဖွဲ့၊ ဂေါပကအဖွဲ့၊ ဓမ္မစကြာ်အဖွဲ့၊ပရဟိတကျန်းမာရေးနှင့်လူမှုရေးအဖွဲ့၊ ဓမ္မစကူးသင်တန်းအဖွဲ့၊ငွေစုငွေချေးအဖွဲ့၊ နှင့် လုံခြုံရေးနှင့်ကာကွယ်ရေးမီးသတ်တပ်ဖွဲ့များ ရှိပါသည်။ အမျိုးသား၊အမျိုးသမီးများ ပူးပေါင်းပါဝင်ကြပါသည်။ ကျေးရွာ၏ သာရေး၊နာရေး၊ လူမှုရေး၊ဘာသာရေး၊ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်းတက်ညီလက်ညီလုပ်ဆောင်နေကြပါသည်။ ပရဟိတအဖွဲ့များကိုလည်း ကျေးရွာမှ လူကြီးအချို့ဦးဆောင်ပြီး လူငယ်လူရွယ်များပါဝင် ဖွဲ့စည်းထားကာ ကျန်းမာရေးနှင့်အခြားလူမှုရေးကိစ္စရပ်များကို ဆောက်ရွက်လျှက်ရှိကြသည်။

ကျေးရွာတွင် စီးပွားရေးအခြေခံအသင်းအဖွဲ့များအဖြစ် မြစ်ရေတင်မှရေပေးဝေရေး အဖွဲ့ဖြစ်ပြီး ကျေးရွာမှတောင်သူများတန်ဘိုးမြှင့်သီးနှံများထုတ်လုပ်နိုင်ရေး၊ ရေကိုအညီအမျှရရှိစိုက်ပျိုးနိုင်ရန် ကျေးရွာသားအများစုမှ ပါဝင်ဆောင်ရွက်လျက်ရှိကြပါသည်။

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေ အနေအထားမှာ သာမန်အားဖြင့် အသင့်အတင့်ကောင်းမွန်ပါသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး ၏ (၅၀)ရာခိုင်နှုန်းသည် ဆင်းရဲနှင့်အလွန်ဆင်းရဲ အိမ်ထောင်စုအဖြစ် သတ်မှတ်ကြပြီး (၂၀)ရာခိုင်နှုန်းသည် ချမ်းသာသည့်အဆင့်၊(၃၀)ရာခိုင်နှုန်းသည် အလယ်အလတ်အဆင့် ရှိကြသည်ဟု သတ်မှတ်ကြပါသည်။ ကျေးရွာတွင် လယ်မြေ(၆၇၁.၃၇)ဧက၊ယာမြေ(၃၈၁.၁၉)ဧက၊ ကိုင်းကျွန်းမြေ(၅၀.၁၈)ဧက၊ ဥယျာဉ်ခြံမြေ(၂၄.၀၃)ဧက၊ စုစုပေါင်း(၁၁၂၆.၇၇)ဧကရှိပြီး မြေဆီမြေဩဇာများ ယေဘူယျအားဖြင့် ကောင်းမွန်ပါသည်။စိုက်ပျိုးရေးကို အဓိကအားဖြင့် ပျော်ရွာမြစ်ရေတင်မှ ရေကိုရယူအသုံးပြုစိုက်ပျိုးနေကြပြီး မြစ်ရေတင်စီမံကိန်းတွင်မပါဝင်သည့် နေရာများတွင် တောင်သူများသည် အဝီစိတွင်းများကို ကိုယ်ပိုင်တူးဖော်ခြင်း၊ စုပေါင်းတူးဖော်ခြင်းဖြင့်ရေကိုရယူစိုက်ပျိုးလုပ်ကိုင်ကြပါသည်။ ကျေးရွာတွင်အဓိကအားဖြင့် စပါး၊နှမ်း၊ပဲမျိုးစုံ၊ဝါ၊ ခရမ်းချဉ်၊ကြက်သွန်တို့ကိုစိုက်ပျိုးကြပါသည်။ တစ်ချို့အိမ်ထောင်စုများမှာ ငှက်ပျော၊ သပြေ၊ သနပ်ခါး၊သရက်ခြံများလည်းပိုင်ဆိုင်ကြပါသည်။အဓိကထား၍စိုက်ပျိုးကြသော ဧရာမင်းစပါး တစ်ဧကလျှင်(၇၀)တင်းခန့်ထွက်ရှိပါသည်။ကြက်သွန်နီတစ်ဧကလျှင် ပိသာချိန်(၃၀၀၀)နှုန်း ပျမ်းမျှထွက်ရှိပါသည်။ လယ်ယာသုံးကိရိယာအသုံးပြုမှုအနေဖြင့် ထွန်စက် (၁၂) စီး၊ လက်တွန်းထွန်စက်(၁၈)စီး၊ထော်လာကျီ(၁၉)စီးနှင့် ရေစုပ်စက် (၁၃၇)လုံးရှိပါသည်။ ကျေးရွာတွင် လယ်ထွန်စက်အပိုင်မရှိသည့် တောင်သူများသည် ငှားရမ်းထွန်ယက်ကြရာတွင်တစ်နာရီ ထွန်ယက်ခ လက်ငင်းပေးချေလျှင်(၁၅၀၀၀)ကျပ်နှုန်းနှင့် အကြွေးစနစ်သီးနှံပေါ်ချိန်တွင်(၁၈၀၀၀) နှုန်း ပေးချေအသုံးပြုရပါသည်။

ကျေးရွာမှ တောင်သူများစည်မြန့်မာလယ်ယာစီးပွားရေးဘဏ်မှ ထုတ်ချေးသောချေးငွေကို တစ်လအတိုးနှုန်း(၇၀)ပြား၊တစ်ဧကလျှင်(၁၅၀၀၀၀)ကျပ်နှုန်းဖြင့် တောင်သူတစ်ဦးလျှင် အများဆုံး

(၁၀)သိန်းကျပ်ထုတ်ယူအသုံးပြုကြသည်။မွေးမြူရေးအနေဖြင့်နို့စားနွားများကို အဓိကထားမွေးမြူကြပြီး သိုး၊ ဆိတ် များလည်းတစ်နိုင်တစ်ပိုင်မွေးမြူကြပါသည်။ဝက်၊ကြက်၊များကိုမွေးမြူမှုနည်းပါးပါသည်။

အိမ်ထောင်စုအချို့သည် ခရီးသွားဝန်ဆောင်မှုယာဉ်များ၊ ကုန်တင်ယာဉ်များပိုင်ဆိုင်မှုရှိကြပြီး အခကြေးငွေရယူ၍ ခရီးသွားဝန်ဆောင်မှုများပေးခြင်း၊ဒေသထွက်ကုန်များကို မြို့ကြီးများသို့ ကုန်တင်ယာဉ်များဖြင့် သယ်သူပို့ဆောင်ခြင်းများလည်းရှိပါသည်။ အိမ်ထောင်စုအချို့မှာလည်း ကျပန်းလက်လုပ်လက်စား၊ လက်သမား၊ပန်းရံစသော နေ့စားအလုပ်သမားများအနေဖြင့် လုပ်ကိုင်ဆောင်ရွက်ကြပါသည်။ အိမ်တွင်းလုပ်ငန်းများအနေဖြင့် လက်ဖက်ရည်ဆိုင်၊ တွင်ခုံ၊ ကုန်စုံဆိုင် အစရှိ သည့် အိမ်တွင်းလုပ်ငန်းများကိုလည်းလုပ်ကိုင်ဆောင်ရွက်နေကြပါသည်။

၅။ အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

ကျေးရွာတွင် လျှပ်စစ်မီးမရရှိသည်မှာလည်း အဓိကအားနည်းချက်တစ်ရပ် ဖြစ်နေပါသည်။ ဆိုလာ (၁၁)အိမ်ထောင်စုအသုံးပြုနိုင်ကြပါသည်။ အိမ်တိုင်းနီးပါးမှု လက်ကိုင်ဖုန်းအသုံးပြုနေကြပြီဖြစ်ပါသည်။ ကျေးရွာတွင်အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာကောင်းမွန်ပြီး အခြားသတင်းအချက်အလက် များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ ကျေးရွာတွင် စာကြည့်တိုက်အဆောက်အဦးလည်း မရှိသေးပါ။ ရွာသူ/ရွာသား အများစုသည် စာပေဗဟုသုတ လွန်စွာအားနည်းနေပါသေးသည်။

၆။ ပညာရေး

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်မြင့်မားကြောင်းတွေ့ရှိရသည်။ ရွာသား အများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး စာမတတ်သူရာခိုင်နှုန်း သည်(၅)ရာခိုင်နှုန်းသာ ရှိပါသည်။ လူဦးရေ၏ ထက်ဝက်ကျော်သည် အခြေခံမူလတန်း ပညာပြီးမြောက်သူများဖြစ်ကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင် အလယ်တန်းကျောင်းအဆင့်ရှိပါသည်။ ဆရာ/ဆရာမ အစိုးရခန့်(၁၅)ဦးရှိပါသည်။ ကျောင်းသား

ဦးရေနှင့်တွက်ဆလျှင် လုံလောက်ပါသည်။ ကျေးရွာတွင် အလယ်တန်းပညာကို (၁၂၀)ပေ၊ (၃၀)ပေ၊အရွယ်ရှိ သွပ်မိုး အုတ်နံရံကာ အင်္ဂတေအခင်း ကျောင်းဆောင်တွင် သင်ကြားနိုင်သည်။ ကျောင်းဥပဓိရုပ်သည် အသင့်အတင့် ကောင်းမွန်ပါသည်။အထက်တန်းပညာတို့အတွက် စစ်ကိုင်းမြို့နယ် ညောင်ပင်ဝန်းကျေးရွာ သို့ လည်းကောင်း၊ မြင်းမူမြို့သို့လည်းကောင်း သွားရောက်တက်ရောက်ကြပါသည်။ ကျေးရွာ၏ ကျောင်းတက်နှုန်းသည်လည်း ကောင်းမွန်ပါသည်။ ရာနှုန်းပြည့်နီးပါးသည် မူလတန်းနှင့်အလယ်တန်းပညာတက်ရောက် ပညာသင်ကြားနေပါသည်။ အထက်တန်းနှင့်တက္ကသိုလ်ပညာ တတ်ရောက်မှုသည် အသင့်အတင့်ရှိပါသည်။ မူလတန်းနှင့် အလယ်တန်းပညာ တက်ရောက်ပြီးလျှင် ကျောင်းထွက်ပြီး မိသားစုလုပ်ငန်းကို ဝင်ရောက်လုပ်ကိုင်ကြသူများလည်းရှိပါသည်။

၇။ ကျန်းမာရေး

ကျေးရွာတွင် အသင့်အတင့်အဖြစ်များသော ရောဂါများမှာ ဝမ်းပျက်ဝမ်းလျော၊ ဆီးချို၊ တီဘီနှင့်ရာသီ ကူးပြောင်းချိန်တွင် ဖြစ်တတ်သော နှာစေးချောင်းဆိုးလောက်သာ ဖြစ်ပွားကြပါ့သည်။ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များ ကာကွယ်ဆေးပုံမှန်လာရောက်ထိုးနှံမှုရှိပါသည်။ထီးဆောင်းကျေးရွာကျေးလက်ဆေးပေးခန်းတွင် ရရှိနိုင်ကြပြီး (၉)မိုင်ခန့်ကွာဝေးသော ကားလမ်းဖြင့်သွားလာရသော မြို့နယ်ဆေးရုံဆေးဆိုင်များနှင့်လည်း အသင့်အတင့် လက်လှမ်းမှီသည်။ ကျေးရွာတွင်ကျေးလက်ဆေးပေးခန်းမရှိသဖြင့် ကျေးရွာအတွက် အရေးပေါ်လိုအပ်ချက်ရှိပါက အဆင်ပြေစေနိုင်ရန် ကျေးလက်ဆေးပေးခန်းတစ်ခု ရရှိရေးကိုလိုလားနေကြသည်။ကျေးရွာတွင် ရေတွင်းလက်နှိပ်တုံကင်များမှ မြေအောက်ရေကို အလွယ်တကူ လုံလောက်စွာရရှိပါသည်။တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့် ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှုများ နည်းပါးသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာ စနစ်တကျဆောက်လုပ်ထားပြီး ကျောင်းသူ/သားများအတွက် အသုံးပြုရန်လွယ်ကူသည်။

၈။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာသည် သဘာဝဘေးအန္တရာယ်ကျရောက်မှုအခြေအနေသည် အများအားဖြင့် မူးမြစ်ရေတက်ချိန်တွင် ကျေးရွာရှိ စိုက်ပျိုးလယ်ယာမြေများ နှစ်စဉ်ပျက်စီးဆုံးရှုံးမှု ရှိပါသည်။မိုးခေါင်ချိန်၊ ရေကြီးချိန်တွင် အလုပ်အကိုင်ရှားပါးပြီး မြေယာမဲ့တောင်သူများနှင့် လက်လုပ်လက်စားများ အလုပ်အကိုင်ရှားပါးပြီး ဝင်ငွေနည်းပါးခြင်းများ ကြုံတွေ့ရပါသည်။စွန့်ပစ်ပစ္စည်းများကိုလည်း စနစ်တကျစွန့်ပစ်ကြပါသည်။

၉။ ကျား–မ ရေးရာ

ကျေးရွာတွင် ကျား/မဆိုင်ရာဆက်နွယ်မှုအနေအထားမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပါသည်။ ကျေးရွာတွင်အမျိုသား/အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိသည်ဟု ယေဘုယျအားဖြင့် ပြောနိုင်သည်။အုပ်ချုပ်ရေးအသင်းအဖွဲ့ အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိသော်လည်း အခြားလူမှုရေး အသင်းအဖွဲ့များတွင်မူ အမျိုးသမီးပါဝင်မှု အသင့်အတင့်ရှိကြသည်။

၁၀။ ကျေးရွာမှရွေးချယ်ထားသောဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဦးစားပေးစီမံချက်	ဦးစားပေးအဆင့်
၁	အခြေခံအဆောက်အဦး	ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း	၁
၂	ကျန်းမာရေး	ကျန်းမာရေးဆေးပေးခန်း ဆောက်လုပ်ခြင်း	၂
၃	ပညာရေး	(အ–ထ–က)ကျောင်းဆောက်လုပ်ခြင်း	၃
၄	စိုက်ပျိုးရေး	အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားခြင်း/စိုက်ပျိုးရေးအသိပညာ ပေးသင်တန်းများဖွင့်လှစ်သင်ကြားခြင်း	၄
၅	လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး	မီးသတ်ကား ထပ်မံဝယ်ယူခြင်း	၅